၆၂။ ဗြိတိသျှ စာအုပ်ထုတ်ဝေရေး လောကမှ စိတ်ကောင်းမရှိသူ တစ်ယောက်က နောက်ဆုံး၌ အသက် ၇၀တွင် လုပ်ငန်းမှ အနားယူရန် ဆုံးဖြတ်လိုက်သည်။ သူ့ကို ထုံးစံအတိုင်း ညစာတည်ခင်းကျွေးမွေးကြသည်။ သူထွက်ခွာသွားတော့ မည်ဖြစ်သဖြင့် ဝမ်းသာနေကြသော ထုတ်ဝေသူများက သူ့ကို အပြိုင်အဆိုင် ဝိုင်းဝန်းချီးကျူးကြသည်။ သူပြန်လည် တုံ့ပြန်စကားပြောရမည့်အ ချိန်သို့ရောက်သောအခါ အဘိုးအို လူကြီးမင်းက မတ်တပ်ထရပ်ပြီး ပြော သည်။ "ကျွန်တော့်ကို ဒီလိုလေးစားနေကြတာ၊ ကျွန်တော်မသိခဲ့ပါဘူး။ ကျွန်တော် ဒီအလုပ်ဆက်လုပ်ဦးမယ်"

-------------------

၆၃။ အဆိုတော် ဘာဘာရာစထရိုက်စင်း၏ မန်နေဂျာဖြစ်သော မာတီ အာလီခန်မန်သည် တစ်ခါက သူကောင်မလေး နေထိုင်သော တိုက်ခန်း၏ ဓါတ်လှေကားထဲတွင် ကွတ်ကီးဗေဒင်မုန့်ထုပ်တစ်ထုပ်ကို ချထားခဲ့သည်။ သူမကို မြေညီထပ်ဆီသို့ သူလိုက်ပါပို့ဆောင်သောအခါ သူမက မုန့်ထုပ်ကို တွေ့ရှိပြီး မုန့်ထုပ်ထဲမှ ဗေဒင်စာရွက်ကိုဖတ်ကြည့်သည်။ "သင့်ကို ယနေ့ လက်ထပ်ခွင့်တောင်းလျှင် လက်ခံလိုက်ပါ"။ သူက လက်ထပ်ခွင့်တောင်း သော လက်စွပ်ကို ထုတ်ယူပြီး သူမအားပေးသောအခါ သူမက ၎င်းကိုချက် ခြင်းလက်ခံလိုက်လေသည်။

-------------------

၆၄။ စိန့်လူးဝစ်ဖို့စ် ဒစ္စပက် သတင်းစာမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြော်ငြာ တစ်ခုက ဤသို့ဖြစ်သည်။ "တရားဝင် လေယာဉ်ခရီးစဉ် မှတ်တမ်း-ပိုက်ဖါ ကွန်မန်ချ်အင် ၅၀၂၇ ပီ လေယာဉ်။ ခေါင်းဆောင်ပိုင်းလော့-ဂျွန်ဖော်ဂင်သ လား။ ၁၉၆၂ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်၊ ဤနေ့ ညနေ ၃နာရီ၌ စိန့်လူးဝစ်မှ ဂျက်ဟာဆန်မြို့တော်သို့ အမြင့်ပေ ၄၅၀၀၌ သံလိုက်အိမ်မြှောင်ဒီဂရီ ၂၅၇ ဖြင့် သွားနေသော ခရီးတွင် အရပ် ၅ပေ၆လက်မနှင့် ကိုယ်အလေးချိန်





ပေါင် ၁၂၀ ရှိသော၊ အနီရောင်ဆံပင် နှင့် အသက် ၂၅နှစ်အရွယ် ရှိသော (ချိုသာ သော၊ လှပသော၊ ဉာဏ်ထက်မြက်သော) မစ္စဗီလစ်အင် သည် ကျွန်ုပ်၏ ဇနီး လောင်းဖြစ်ရန် သဘောတူခဲ့သည်။ ကျွန်ုပ်ကို သူမလက်ထပ်မ လား သို့မဟုတ် လေယာဉ်ပေါ်မှ ခုန်ချမလားဟု သူမကို ကျွန်ုပ်ရွေးချယ်ခွင့် ပေးခဲ့သည်" ။

-------------------

၆၅။ နှစ် ၅၀မြောက် လက်ထပ်မင်္ဂလာပွဲ ကျင်းပသောအခါ မစ္စတာနှင့် မစ္စစ် အာကာဟွန်တို့က သူတို့မည်သို့ တွေ့ဆုံခဲ့ကြပုံကို ပြောပြသည်။ ဒီဝါး တား၌ သူတို့ ဘုရားကျောင်းတက်နေကြသောအခါ မစ္စတာ ကာဟွန်က ကျမ်းစာအုပ်ကို လှမ်းပြီး၊ "တစ်နေ့ထက်တစ်နေ့ သင့်ကို ကျွန်ုပ်ပိုမိုလိုအပ် လာပြီ"ဟူသော စာပိုဒ်ကို ညွှန်ပြမည်။ မစ္စစ်ကာဟွန်က ကျမ်းစာအုပ်ကိုယူ ပြီး စာမျက်နှာအချို့ကိုလှန်၍ သူမ၏အဖြေကို ဤသို့ပြသသည်။ "ကျွန်ုပ် ကို မြင်တဲ့အတိုင်းယူပါ"။ သူယူခဲ့လေသည်။

-------------------

၆၆။ အသက် ၃၂ နှစ်အရွယ်နားသို့ ကပ်လာသောအခါ အလုပ်ဖြုတ် ခံရဖို့ ရင်ဆိုင်နေရသော၊ လေယာဉ်မယ်ကလေးများကြောင့် အရွယ်လွန် အလုပ်သမားတို့၏ အရေးက ပြဿနာကြီးထွားလာသည်။ လွှန်ခဲ့သော ဆောင်းဦးရာသီက အရွယ်လွန်အလုပ်သမားများ အရေးကိုစဉ်းစားနေသော အလုပ်သမားရေးရာကော်မတီ လူကြီးရှေ့သို့ သူတို့ရောက်လာကြသောအခါ၊ ကော်မတီလူကြီးက ဤသို့ပြောသည်။ "မင်းတို့ မတ်တပ်ရပ်ကြပါ။ ဒါမှပြ ဿနာရဲ့ အတိုင်းအတာကို ငါတို့မြင်နိုင်မယ်"

-------------------

၆၇။ နိုင်ငံကျူးလက်မှတ်အတွက် လျှောက်လွှာရေးနေသော သီလရှင် တစ်ယောက်က ထင်ရှားသော အမှတ်အသားများကို ရေးဖြည့်ရမည့်နေရာ